ASEAN-Australia-New Zealand Free Trade Area (AANZFTA)
Economic Cooperation Support Program (AECSP)

# အာဆီယံတရားသူကြီးများအတွက်ယှဉ်ပြိုင်မှုဆိုင်ရာအခြေခံ အကြောင်းအရာများ

AANZFTA ယှဉ်ပြိုင်မှုဥပဒေအကောင်အထည်ဖော်ဆောင်ရေးအစီအစဉ် တစ်စိတ်တစ်ပိုင်းအဖြစ်ပြုစုထားသည်။

## *ဈေးကွက်လွှမ်းမိုးထားနိုင်မှုအနေအထားအား အလွဲသုံးစားပြုခြင်း - ယင်းသို့ အလွဲသုံးစားပြုခြင်းဆိုသည်မှာ အဘယ်နည်း ။ မည်သို့စိစစ်သနည်း။*

## ၁။ နိဒါန်း

၁.၁ ဤလက်စွဲစာစောင်သည် -

က။ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီရှိ တရားစီရင်ရေးအဖွဲ့ဝင်များ အသုံးပြုရန်အတွက် အခြေခံစည်းမျဉ်းများကိုအခြေခံထားသော စာအုပ်တစ်အုပ်ဖြစ်လာစေရန်၊

ခ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ယှဉ်ပြိုင်မှုဥပဒေများအရ စီရင်ချက်များချမှတ်ခြင်းနှင့် ပြန်လည်သုံးသပ်မှုဖြစ်စဉ်အတွင်း ရှုပ်ထွေးသော ကျွမ်းကျင်သူသက်သေခံချက်များကိုစိစစ်ရာ၌ ကြုံတွေ့ရသော အခက်အခဲများနှင့်ကိစ္စရပ်များနှင့်ပတ်သက်၍ တရားသူကြီးများအတွက် လက်တွေ့အသုံးဝင်ကာ အချက်အလက်စုံလင်သော လမ်းညွှန်ချက်တစ်ခုဖြစ်စေရန်နှင့်

ဂ။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ဥပဒေပိုမိုတိကျမှုရှိလာစေသည့်၊ ပိုမို၍ လျင်မြန်သွက်လက်ထိရောက်မှုရှိလာစေပြီး ဆီလျော်ကိုက်ညီမှုနှင့်ကြိုတင်မှန်းဆနိုင်မှုတို့ကို အားပေးမြှင့်တင်ပေးသည့် ယှဉ်ပြိုင်မှုဥပဒေထုံးတမ်းအားရေးဆွဲရာ၌ အကူအညီပေးနိုင်စေရန်အပြင် အခြေခံအားဖြင့် ခိုင်မာသောယှဉ်ပြိုင်မှုမူဝါဒအား ပုံဖော်ရာ၌အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

၁.၂ ဤစာအုပ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ယှဉ်ပြိုင်မှုဥပဒေများအကြား ကွဲလွဲမှုများနှင့် ယှဉ်ပြိုင်မှုဥပဒေအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မတူညီသည့်အဆင့်များရှိနေသော နောက်ခံအခြေအနေအပေါ် ပြုစုထားခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံချင်းစီနှင့်သက်ဆိုင်သော အချက်အလက်များ ပေးအပ်ရန် မရည်ရွယ်ထားပါ။

၁.၃ ဤစာအုပ်အား ဩစတြေးလျဖက်ဒရယ်တရား ရုံးချုပ်မှ တရားသူကြီးများက OECD အဖွဲ့နှင့် ပူးပေါင်းကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တရားသူကြီးများအတွက် ရေးသားပြုစုထားခြင်းဖြစ်သည်။ ယှဉ်ပြိုင်မှုဥပဒေအကောင်အထည်ဖော်ဆောင်ရေးအစီအစဉ် (CLIP) တစ်စိတ်တစ်ပိုင်းအဖြစ် အာဆီယံ -ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ယှဉ်ပြိုင်မှုကော်မတီ၏ ပဏာမ ကြိုးပမ်းအားထုတ်မှုဖြင့် ပြုစုထုတ်ဝေထားသော ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာလက်စွဲစာစောင်များအနက်မှ တစ်ခုလည်းဖြစ်သည်။

## ၂။ "ဈေးကွက်လွှမ်းမိုးနိုင်မှု" သို့မဟုတ် "ကြီးမားသည့်ဈေးကွက်အင်အား" သဘောတရား

၂.၁ ကမ္ဘာတစ်ဝှမ်းရှိ ယှဉ်ပြိုင်မှုစနစ်များအနေဖြင့် "ကြီးမားသည့်ဈေးကွက်အင်အား"ကို ပိုင်ဆိုင်ထားသော လုပ်ငန်းများအပေါ်တွင်သာ တစ်ဖက်သတ်လုပ်ဆောင်မှုအပေါ် တားမြစ်ချက်များအား ချမှတ်ကျင့်သုံးသင့်သည်ဟူ၍ ယူဆကြသည်။ ကြီးမားသည့် ဈေးကွက်အင်အားရရှိထားသော လုပ်ငန်းတစ်ခု၏ တစ်ဖက်သတ်လုပ်ဆောင်ချက်များသည် ဈေးကွက်အင်အားမရှိသော သို့မဟုတ် နည်းပါးသော လုပ်ငန်းတစ်ခု၏လုပ်ဆောင်ချက်များထက် ယှဉ်ပြိုင်မှုဖြစ်စဉ်အပေါ်ပိုမိုထိခိုက်နိုင်ခြေရှိသည့်အပြင် ယှဉ်ပြိုင်မှုကိုဆန့်ကျင်သည့်အကျိုးဆက်များကိုလည်းပေါ်ပေါက်လာစေနိုင်ပါသည်။ ဘောဂဗေဒဘာသာရပ်တွင် လုပ်ငန်းတစ်ခုသည် ယင်း၏ထုတ်ကုန်(သို့မဟုတ် ထုတ်ကုန်များ)၏ဈေးနှုန်းကို ကြာရှည်သော အချိန်ကာလတစ်ရပ်အထိ ယှဉ်ပြိုင်ဈေးနှုန်းထက်မြှင့်၍ အကျိုးအမြတ်များစွာ ထိန်းသိမ်းထားနိုင်စွမ်းရှိခြင်းကို ဈေးကွက်အင်အားဟု ယေဘုယျအားဖြင့် အဓိပ္ပါယ်ဖွင့်ဆိုကြပါသည်။

၂.၂ တစ်ဖက်သတ်လုပ်ဆောင်မှုကြောင့် ယှဉ်ပြိုင်မှုအားထိခိုက်စေသည်ဟု ယူဆနိုင်သည့်အပြင် ယှဉ်ပြိုင်မှုဥပဒေအား ချိုးဖောက်ရာရောက်သည်ဟုယူဆနိုင်သော ဈေးကွက်အင်အားအတိုင်းအတာ (threshold)ကိုသတ်မှတ်နိုင်ရန် ကမ္ဘာတစ်ဝှမ်းတွင် မတူညီသော အယူအဆသဘောတရားများနှင့် အသုံးအနှုန်းဝေါဟာရတို့ကို အသုံးပြုကြပါသည်။ ဥရောပနှင့်ကမ္ဘာတစ်ဝှမ်းရှိ များစွာသော တရားစီရင်ပိုင်ခွင့်တို့တွင် အဆိုပါ အတိုင်းအတာအဆင့်(threshold)မှာ "ဈေးကွက်လွှမ်းမိုးနိုင်မှု"ပင် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ဖက်ဒရယ်ဥပဒေသည် "ဥပဒေနှင့်ဆန့်ကျင်မှု သို့မဟုတ် တစ်ဦးတည်းလက်ဝါးကြီးအုပ်ရန်ကြံစည်မှု" အတိုင်းအတာ(threshold)အပေါ်တွင် ထိရောက်စွာ ကျင့်သုံးထားပါသည်။ ဩစတြေးလျနိုင်ငံ၏အတိုင်းအတာ(threshold)မှာ"ကြီးမားသည့်ဈေးကွက်အင်အား" ဖြစ်သည်။ အာဆီယံအတွင်းရှိ တရားစီရင်ပိုင်ခွင့်အများစု၌ အဆိုပါအတိုင်းအတာ (threshold)မှာ "ဈေးကွက်လွှမ်းမိုးနိုင်မှု"ပင်ဖြစ်သည်။ ထိုသို့ကွဲပြားမှုများရှိနေသော်လည်း ယှဉ်ပြိုင်မှုစနစ်များအနေဖြင့် တစ်ဖက်သတ်လုပ်ဆောင်မှုအတွက် တားမြစ်ချက်များအား ကြီးမားသည့်ဈေးကွက်အင်အားကို ပိုင်ဆိုင်ထားသော လုပ်ငန်းများအပေါ်တွင်သာ ချမှတ်ကျင့်သုံးသင့်သည်ဟူသော အယူအဆ၌ လာရောက်ပေါင်းဆုံမိကြသဖြင့် ပိုမိုလွယ်ကူသောကိုးကားမှုအတွက် ဤစာအုပ်တစ်ခုလုံး၌ threshold

ဟူသော အတိုင်းအတာအဆင့်ကို "ဈေးကွက်လွှမ်းမိုးနိုင်မှု"သို့မဟုတ်"ဈေးကွက်အင်အားကြီးမားမှု" ဟူ၍ ရည်ညွှန်းသွားမည်ဖြစ်ပါသည်။

၂.၃ ဈေးကွက်တစ်ခုအတွင်း လုပ်ငန်းတစ်ခုပိုင်ဆိုင်ထားသော ဈေးကွက်အင်အားပမာဏကို အကဲဖြတ်နိုင်ရန်အတွက် သက်ဆိုင်ရာဈေးကွက်အား ဦးစွာသတ်မှတ်ရန်လိုအပ်ပါသည်။ ဈေးကွက်အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဘောဂဗေဒသဘောတရားများနှင့် လက်တွေ့ကူးသန်းရောင်းဝယ်နေမှု နှစ်ခုစလုံးနှင့်ဆက်စပ်၍ အနီးကပ်ယှဉ်ပြိုင်ရမှုနယ်ပယ်၊ ထုတ်ကုန်ပစ္စည်းများအကြားအစားထိုးနိုင်မှု သို့မဟုတ် ယှဉ်ပြိုင်သူများအကြား ပြိုင်ဆိုင်မှုနယ်ပယ်တို့အပေါ်တွင် ဗဟိုပြုထားပါသည်။ ဥပမာ - မြို့အတွင်းရှိ တစ်ခုတည်းသောပီဇာဆိုင်က ၎င်း၏ဈေးနှုန်းများကိုမြှင့်တင်လိုက်သောအခါ စားသုံးသူများအနေဖြင့် ဘာဂါများအား ပြောင်းလဲစားသုံးနိုင်သလို အနီးအနားရှိမြို့မှ ပီဇာဆိုင်အနေဖြင့်လည်း ၎င်း၏ပစ္စည်းလိုက်လံပို့ဆောင်မှုဧရိယာကိုတိုးချဲ့ခြင်း ပြုလုပ်ကောင်းပြုလုပ်လာနိုင်ပါသည်။ အကယ်၍ ဘာဂါများသို့ပြောင်းလဲစားသုံးခြင်းနှင့် အခြားမြို့များရှိ ပီဇာရောင်းချသူများအနေဖြင့် ပီဇာဆိုင်ရှင်ဖြစ်သူကို အမြတ်များများရရှိအောင် ဈေးနှုန်းမြှင့်တင်ခြင်းမှ တားဆီးနိုင်မည်ဆိုပါက အဆိုပါဘာဂါများ ၊ ပီဇာရောင်းချသူများကို ဆက်စပ်ဈေးကွက်အတွင်း ထည့်သွင်းထားရမည် ဖြစ်ပါသည်။

၂.၄ အဆိုပါဥပမာ၌ ပြထားသည့်အတိုင်း ဈေးကွက်ဟူသောအဓိပ္ပါယ်ဖွင့်ဆိုချက်သည် အောက်ပါစည်းမျဉ်းများအား ကျင့်သုံးခြင်းအပါအဝင် တရားသူကြီးတစ်ဦးအနေဖြင့် ထုတ်ကုန် ပစ္စည်းအမျိုးအစား (ဥပမာ - ပီဇာ၊ အသင့်စားအစားအစာ)နှင့် ပထဝီရှုထောင့်အနေအထားများ(ဥပမာ - တစ်မြို့တည်း၊ မြို့ပေါင်းများစွာ)ကို ထည့်သွင်းစဉ်းစားရန် လိုအပ်တတ်ပါသည် -

က။ ဝယ်လိုအားဘက်မှ အစားထိုးရွေးချယ်ခြင်း ၊ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအကြား စားသုံးသူများ၏ ရှုထောင့်မှနေ၍ အစားထိုးအသုံးပြုခြင်း။

ခ။ အချို့သောတရားစီရင်ပိုင်ခွင့်များ၌ ရောင်းလိုအားဘက်မှ အစားထိုးရွေးချယ်ခြင်း၊ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအကြား ရောင်းချသူများ၏ရှုထောင့်မှနေ၍ အစားထိုးရောင်းချခြင်း။ အချို့သောတရားစီရင်ပိုင်ခွင့်များ၌ အကယ်၍ ယှဉ်ပြိုင်ဆဲလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုဆိုင်ရာအပြုအမူများအပေါ် ရောင်းလိုအားဘက်မှ အစားထိုးရွေးချယ်ခြင်း၏ အကျိုးသက်ရောက်မှုများသည် ဝယ်လိုအားဘက်မှ အစားထိုးရွေးချယ်ခြင်း၏ အကျိုးသက်ရောက်မှုများနှင့်တူညီနေလျှင် ရောင်းလိုအားဘက်မှ အစားထိုးရွေးချယ်ခြင်းကို ဈေးကွက်အဓိပ္ပါယ်ဖွင့်ဆိုချက်အတွက် ထည့်သွင်းစဉ်းစားကြသည်။ အခြားသောတရားစီရင်ပိုင်ခွင့်များအနေဖြင့် ယှဉ်ပြိုင်မှု၏အကျိုးသက်ရောက်မှုများအပေါ် အကဲဖြတ်သောအခါ ရောင်းလိုအားဘက်မှ အစားထိုးရွေးချယ်ခြင်းကိုသာလျှင် ထည့်သွင်းစဉ်းစားကြပါသည်။

၂.၅ သက်ဆိုင်ရာယှဉ်ပြိုင်မှုဥပဒေများအပေါ်မူတည်၍ တရားသူကြီးတစ်ဦးသည် အောက်ပါသက်သေခံချက်များအား ဈေးကွက်အင်အားကို အကဲဖြတ်ရာ၌ ထည့်သွင်းစဉ်းစားနိုင်ပါသည်။

က။ ဈေးကွက်ဝေစု (ငှင်း၏တည်ငြိမ်မှုနှင့် ခိုင်မြဲမှုအပါအဝင်)

ခ။ ဈေးကွက် ဝင်ရောက်ရန် သို့မဟုတ် ချဲ့ထွင်ရန်အတွက် ရှိနေသောအဟန့်အတားများ

ဂ။ စည်းကမ်းသတ်မှတ်ချက်များအပေါ် ဝယ်ယူသူများ၏လွှမ်းမိုးနိုင်စွမ်း (တစ်ဖက်စောင်းနင်းမဖြစ်အောင် မဲတင်းပေးနိုင်သော ဝယ်ယူသူစွမ်းအား)

ဃ။ ဈေးကွက်လက္ခဏာရပ်များ (သွင်းကုန်များအတွက် လမ်းဖွင့်ပေးထားမှုအပါအဝင်)

င။ လုပ်ငန်းလက္ခဏာရပ်များ (နှိုင်းယှဉ်အရွယ်အစား၊ အမြတ်အစွန်းပမာဏများ၊ ဒေါင်လိုက်ပေါင်းစည်းမှု၊ ရရှိနိုင်သောအရင်းအမြစ်များနှင့် ကုန်ကျစရိတ်တွက်ခြေကိုက်မှုအပါအဝင်)

၂.၆ "ဈေးကွက်လွှမ်းမိုးနိုင်မှု" သို့မဟုတ် "ဈေးကွက်အင်အားကြီးမားမှု"ရှိရုံဖြင့် တားမြစ်ပိတ်ပင်ခြင်းမခံရနိုင်ပါ။ ဈေးကွက်လွှမ်းမိုးနိုင်မှုအပေါ်အလွဲသုံးစားပြုခြင်းကြောင့် ယှဉ်ပြိုင်မှုအားထိခိုက်စေနိုင်သည့် တစ်ဖက်သက်လုပ်ဆောင်မှုမျိုးအပေါ်၌သာလျှင် ယှဉ်ပြိုင်မှုဥပဒေများအရ အများအားဖြင့် တားမြစ်ပိတ်ပင်ခြင်းဖြစ်သည်။

## ၃။"ဈေးကွက်လွှမ်းမိုးနိုင်မှု" သို့မဟုတ် "ဈေးကွက်အင်အားကြီးမားမှု" အား မလျော်မကန်အသုံးချခြင်း

၃.၁ ဈေးကွက်လွှမ်းမိုးနိုင်မှုအပေါ် အလွဲသုံးစားပြုခြင်းဟူသည် ယှဉ်ပြိုင်မှုအားထိခိုက်စေသည့် အကျိုးသက်ရောက်မှုရှိသော သို့မဟုတ် ထိခိုက်စေသည့်အကျိုးသက်ရောက်နိုင်ခြေရှိသော လုပ်ဆောင်ချက်မျိုး ဖြစ်ပါသည်။

၃.၂ ဈေးကွက်လွှမ်းမိုးနိုင်မှုအပေါ် အလွဲသုံးစားပြုခြင်းအဖြစ် စဉ်းစားသုံးသပ်နိုင်မည့်လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ တရားစီရင်ပိုင်ခွင့်အသီးသီးအကြား အတန်ငယ်များပြားသည့်ကွာဟချက်များ ရှိသော်ငြား ဥပမာအားဖြင့် အောက်ပါတို့ပါဝင်နေကြပါသည်။

က။ **အောက်ဈေးသတ်မှတ်ခြင်း** - ယှဉ်ပြိုင်ဘက်များပပျောက်သွားစေရေး သို့မဟုတ် အားနည်းသွားစေရန်ရည်ရွယ်၍ ပုံမှန်မဟုတ်သည့် နည်းပါးသောဈေးနှုန်းများ

ခ။ **အရောင်းအဝယ်လုပ်ရန် ငြင်းဆန်ခြင်းသို့မဟုတ် တစ်ဦးတည်းသီးသန့် အရောင်းအဝယ်ပြုခြင်း** - အရောင်းအဝယ်ပြုလုပ်မည့်နေရာ သို့မဟုတ် အရောင်းအဝယ်ပြုလုပ်မည့်အရာ သို့မဟုတ် မည်သူနှင့်အရောင်းအဝယ်ပြုလုပ်မည်ကို ဆုံးဖြတ်နိုင်သည့် သက်ဆိုင်သူများ၏ လွတ်လပ်ခွင့်အား ကန့်သတ်ရန် ရည်ရွယ်ထားသည့်အစီအမံများ

ဂ။ **ချည်နှောင်ရောင်းချခြင်း၊ ပူးတွဲခြင်းနှင့် အမာခံဖောက်သည်များအပေါ်ဈေးလျှော့ပေးခြင်း အစီအစဉ်များ** - ယှဉ်ပြိုင်မှုကို အဟန့်အတားဖြစ်စေရန်ရည်ရွယ်၍ သီးခြားဖြစ်သော ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများ ရောင်းချခြင်းကို ချည်နှောင်ထားခြင်း

ဃ။ **အမြတ်အစွန်းညှစ်ယူခြင်း** - ပြိုင်ဘက်တစ်ဦးထံသို့ အလွန်အရေးပါသည့် သွင်းအားစုများအား ရောင်းချပေးနေသည့် ဒေါင်လိုက်ပေါင်းစည်းထားသောလုပ်ငန်းတစ်ခုမှ ဈေးကွက်တစ်ခု၏ ပုံမှန်လည်ပတ်မှုအဆင့်တစ်ခု၌ သို့မဟုတ် အဆင့်များ၌ အမြတ်အစွန်းများကို ညှစ်ထုတ်ယူရန်အတွက် လက်လီအဆင့်ဈေးနှုန်းများအား လျှော့ချလိုက်ခြင်း သို့မဟုတ် လက်ကားဈေးနှုန်းများအား မြှင့်တင်လိုက်ခြင်း

င။ **ခေါင်းပုံဖြတ်သောလုပ်ဆောင်ချက်** - မမျှတသောစည်းကမ်းချက်များ၊ ဈေးနှုန်းခွဲခြား သတ်မှတ်ခြင်း၊ ထုတ်လုပ်မှု၊ တီထွင်ဆန်းသစ်မှု သို့မဟုတ် အရည်အသွေးပိုင်းတို့၌ လျှော့ချခြင်း။

## ၄။ ဈေးကွက်လွှမ်းမိုးနိုင်မှုအား မလျော်မကန်အသုံးပြုခြင်းအတွက် ဥပဒေဆိုင်ရာစစ်ဆေးမှုများ

၄.၁ နိုင်ငံများစွာတို့တွင် စားသုံးသူများနှင့် ယှဉ်ပြိုင်မှုတို့အပေါ် သက်ရောက်မှုရှိသော စီးပွားရေးအရ ထိခိုက်မှုကို အလေးပေးစစ်ဆေးသည့် အကျိုးသက်ရောက်မှုများအား အခြေခံသည့်နည်းလမ်းတစ်ခုရှိပါသည်။ အခြားသောနိုင်ငံအတော်များများတွင် ထိုသို့သောလုပ်ဆောင်ချက်အနေဖြင့် သက်ဆိုင်ရာ ဥပဒေအရ မည်သို့အမျိုးအစားခွဲခံရနိုင်ကြောင်း ပိုမိုအလေးပေးထားသည့် ပုံသဏ္ဍာန်အခြေပြုသော နည်းလမ်းတစ်ခုကိုလည်း ကျင့်သုံးကြပါသည်။ အဆိုပါ တရားစီရင်ပိုင်ခွင့်များအတွင်း စီးပွားရေးဆိုင်ရာဆန်းစစ်သုံးသပ်မှုသည် ဈေးကွက်လွှမ်းမိုးနိုင်မှုအပေါ် အလွဲသုံးစားပြုသည့်အမှုများအတွက် အရေးပါသောနေရာမှ ပါဝင်ဆဲဖြစ်သော်လည်း ဥပဒေချိုးဖောက်မှုတစ်ရပ်အား ရှာဖွေတွေ့ရှိရန်လုပ်ဆောင်ချက်အနေဖြင့် ယှဉ်ပြိုင်မှုအားအမှန်တကယ်ကန့်သတ်ထားကြောင်းကို အခိုင်အမာသက်သေပြရန်မလိုအပ်ပါ။

၄.၂ ပုံသဏ္ဍာန်အခြေပြုနည်းလမ်းသည် အကျိုးသက်ရောက်မှုများအား အခြေခံသောနည်းလမ်းထက် ဥပဒေပိုင်းပိုမိုသေချာမှုနှင့် ပိုမိုမြန်ဆန်သောဆုံးဖြတ်ချက်များကို ထောက်ပံ့ပေးနိုင်သော်လည်း အမှန်

တကယ် ဈေးကွက်အကျိုးသက်ရောက်မှုများကိုထောက်ဆလျှင် ယင်းအနေဖြင့်သင့်လျော်မှုမရှိသော ရလဒ်များကို ထွက်ပေါ်စေနိုင်ပါသည်။ စင်စစ်တွင် လက်တွေ့ကျင့်သုံးဆောင်ရွက်မှု အများစုသည် အချို့သောအခြေအနေများ၌ ယှဉ်ပြိုင်မှုကိုဆန့်ကျင်သည့် ဈေးကွက်လွှမ်းမိုးနိုင်မှုအပေါ် အလွဲသုံးစားပြုခြင်းဖြစ်နိုင်သလို အခြားသောအခြေအနေများ၌ ယေဘုယျအားဖြင့် ယှဉ်ပြိုင်မှုကိုလိုလားသော သို့မဟုတ် ထိရောက်လျင်မြန်သောအကျိုးသက်ရောက်မှုတစ်ရပ်လည်း ရှိနိုင်ပါသည်။

၄.၃ ယှဉ်ပြိုင်မှုအပေါ် ထိခိုက်စေနိုင်သည့်အလားအလာကို သတ်မှတ်ဆုံးဖြတ်နိုင်ရေးအသုံးပြုသော နည်းလမ်းတစ်ခုမှာ ဖြစ်နိုင်ခြေရှိမှုကိုစစ်ဆေးသည့် ကိုးကားမေးမြန်းခြင်းဖြင့်ဆောင်ရွက်သော ဆန်းစစ်သုံးသပ်မှုဖြစ်သည်။

၄.၄ ဖြစ်နိုင်ခြေရှိမှုကိုစစ်ဆေးရာ၌ ဈေးကွက်လွှမ်းမိုးနိုင်မှုအပေါ် အလွဲသုံးစားပြုမှုဖြစ်လာစေနိုင်သည်ဟု ဆိုသော လုပ်ဆောင်ချက်တစ်ခုရှိသည့် ဈေးကွက်တစ်ခုနှင့် မရှိသောဈေးကွက်တစ်ခုအတွင်း ယှဉ်ပြိုင်မှုအနေအထားကို နှိုင်းယှဉ်ပြမှုတစ်ခုပါဝင်ပါသည်။ ယင်းသို့နှိုင်းယှဉ်ချက်သည် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုများအား တွက်ချက်ရာ၌လည်း အသုံးဝင်နိုင်ပါသည်။ ဈေးကွက်လွှမ်းမိုးနိုင်မှုအပေါ် အလွဲသုံးစားပြုခြင်းအမှုများ၌ အေဂျင်စီများနှင့် တရားရုံးများအသုံးပြုနိုင်သော အခြားစစ်ဆေးမှုများစွာတို့တွင် တွေ့နိုင်သည်မှာ - ယင်းစစ်ဆေးမှုများ၌ အမြတ်စွန့်လွှတ်မှုဆိုင်ရာစစ်ဆေးမှု၊ စီးပွားရေးအရ အကျိုးအမြတ်မရှိခြင်းဆိုင်ရာစစ်ဆေးမှု၊ လုပ်ရည်ကိုင်ရည်တူလုပ်ငန်းစစ်ဆေးမှုနှင့် အမျိုးမျိုးသော စားသုံးသူများ၏ အကျိုးစီးပွားမျှတရေးစစ်ဆေးမှုများ ပါဝင်နေခြင်းဖြစ်သည်။ အများလက်ခံသဘောတူကြသောအချက်တစ်ခုမှာ အမှုအမျိုးအစားတိုင်းနှင့်သင့်လျော်သည့် တစ်ခုတည်းသော စစ်ဆေးမှုအမျိုးအစား မရှိပါဟူသည့်အချက်ဖြစ်သည်။

၄.၅ ဖြစ်နိုင်ခြေရှိမှုကိုစစ်ဆေးမှုသည်တိကျသောသိပ္ပံပညာရပ်တစ်ခုမဟုတ်ပါ။ အချို့သောဖြစ်ရပ်များတွင် ဈေးကွက်တစ်ခုအတွင်းရှိ ယှဉ်ပြိုင်မှုအခြေနေအား ထိန်းသိမ်းထားမည်ဖြစ်သော်လည်း စဉ်းစားဖွယ်ရာရှိသော လုပ်ဆောင်ချက်မျိုးအတွက်ဖြစ်မည်ဟု ကောက်ချက်ချနိုင်ပါသည်။ အခြားသော ဖြစ်ရပ်များတွင် ဥပမာအားဖြင့် လုပ်ဆောင်ချက်သည် ယှဉ်ပြိုင်မည့်လူသစ်တစ်ဦးအပေါ်ဟန့်တားရာရောက်သည်ဟုဆိုသောအခါ ယှဉ်ပြိုင်မည့်လူသစ်အနေဖြင့် ဖော်ပြပါလုပ်ဆောင်ချက်မျိုးမရှိသော ဈေးကွက်သို့ဝင်ရောက်သွားမည် / မသွားမည်နှင့် အကယ်၍ဝင်ရောက်သွားမည်ဆိုပါက အသစ်ဝင်ရောက်လာသူအဖို့ သက်ဆိုင်ရာဈေးကွက်အတွင်းရှိ ယှဉ်ပြိုင်မှုအခြေအနေအပေါ် မည်သည့်အကျိုးသက်ရောက်မှုမျိုး ရှိလာစေမည်ဆိုသည်ကို အသေအချာခန့်မှန်းနိုင်ရန် ခက်ခဲနိုင်ပါသည်။

၄.၆ လုပ်ဆောင်ချက်အနေဖြင့် ဥပဒေနှင့်ဆန့်ကျင်နိုင်လောက်သည်ဟုသတ်မှတ်ဆုံးဖြတ်ရန် မည်သည့် စစ်ဆေးမှုမျိုး သို့မဟုတ် မည်သည့်စံသတ်မှတ်ချက်အား အသုံးပြုထားသည်ဖြစ်စေ တရားစီရင်မှုများအနေဖြင့် ထိရောက်အကျိုးရှိမှုများ သို့မဟုတ် အဘယ်ကြောင့် ဈေးကွက်လွှမ်းမိုးနိုင်မှုရှိသော လုပ်

ငန်းတစ်ခုက အဆိုပါလုပ်ဆောင်မှုမျိုးတွင် ပါဝင်နေရသည်ဟူသော ယှဉ်ပြိုင်မှုကိုအားပေးသည့် အကြောင်းပြချက်များကဲ့သို့ ဖြစ်နိုင်ခြေရှိသော ဓမ္မဓိဋ္ဌာန်ကျကျ ကြောင်းကျိုးပြရှင်းလင်းချက်များအား ထည့်သွင်းစဉ်းစား၍ ဆန်းစစ်သုံးသပ်မှုကို ပြီးစီးအောင်ဆောင်ရွက်ကြသည်။ ဓမ္မဓိဋ္ဌာန်ကျကျ ကြောင်းကျိုးပြရှင်းလင်းချက်တစ်ခုသည် အခြေခံအားဖြင့် အများပြည်သူဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များကဲ့သို့ (ဥပမာ - ကျန်းမာရေးနှင့်ဘေးဥပါဒ်ကင်းစင်ရေးအကြောင်းပြချက်များ) ဥပဒေနှင့်ဆန့်ကျင်နေသောလုပ်ဆောင်ချက်အား တစ်မူထူးခြားစွာခွင့်ပြုပေးသည့် အထူးအခြေအနေ တစ်ရပ်မျိုးဖြစ်သည်။ ထိရောက်အကျိုးရှိမှုများဆိုရာ၌ ဥပမာအားဖြင့် စီးပွားရေးအရတွက်ခြေကိုက်ခြင်း သို့မဟုတ် တီထွင်ဆန်းသစ်မှုကိုအားပေးခြင်းတို့ ပါဝင်မည်ဖြစ်သည်။ ဥပဒေဖြင့် ကြပ်မတ်ထားသော လုပ်ဆောင်မှုဆိုင်ရာချေပချက်တစ်ရပ်လည်းရှိနိုင်ရာ ဖက်ဒရယ်ဥပဒေ သို့မဟုတ် နိုင်ငံတော်ဥပဒေအရလိုအပ်သော လုပ်ဆောင်ချက်မျိုးရှိသည့်နေရာတွင် တစ်ဦးတည်းလက်ဝါးကြီးအုပ်ဆောင်ရွက်မှုအား ကင်းလွတ်ခွင့်ပြုထားသည့် အခြေအနေလည်းရှိနိုင်ပါသည်။ ဥပဒေဖြင့်ကြပ်မတ်ထားသောလုပ်ဆောင်မှုဆိုင်ရာချေပချက်အနေဖြင့် ယှဉ်ပြိုင်မှုဆိုင်ရာမူဝါဒနှင့် ဝိရောဓိဖြစ်နေသော်လည်း စီးပွားရေး သို့မဟုတ် လူမှုရေးအကြောင်းပြချက်များအရ လျော်ကန်မှုရှိသည်ဟုယူဆသော ဥပဒေမျိုးကို ချမှတ်ကျင့်သုံးရန် နိုင်ငံတော်သည် မိမိ၏အချုပ်အခြာအာဏာကို လက်ကိုင်ပြုနိုင်ကြောင်း သေချာစေပါသည်။ ယေဘုယျအားဖြင့် အချို့သောတရားစီရင်ပိုင်ခွင့်များတွင် မှန်ကန်ကြောင်း သက်သေပြရန် တာဝန်မှာပြောင်းလဲသွားရာ ထိရောက်အကျိုးများမှုများ သို့မဟုတ် ဓမ္မဓိဋ္ဌာန်ကျကျ ကြောင်းကျိုးပြရှင်းလင်းချက်များ၏ တည်ရှိမှုအား လက်တွေ့ထင်ရှားစေရန်၊ ရည်ညွှန်းပါလုပ်ဆောင်ချက်အနေဖြင့်လိုအပ်မှုရှိပြီး အချိုးညီကြောင်း၊ ထိရောက်အကျိုးရှိမှုများမှာလည်း နည်းပါးသောယှဉ်ပြိုင်မှုဆန့်ကျင်ရေးနည်းလမ်းများမှတစ်ဆင့် မရရှိနိုင်ကြောင်းဖော်ပြရန် စုံစမ်းစစ်ဆေးခံရသော လုပ်ငန်း၏တာဝန်ဖြစ်သွားပါသည်။

## ၅။ သက်သေနှင့်သက်ဆိုင်သော ရင်းမြစ်များနှင့်အကြောင်းအချက်များ

၅.၁ အားလုံးသောယှဉ်ပြိုင်မှုဆိုင်ရာအမှုများအနေဖြင့် တရားရုံးတစ်ရုံးသည် ဈေးကွက်လွှမ်းမိုးနိုင်မှုအပေါ် အလွဲသုံးစားပြုကြောင်း သက်သေပြရန်အတွက် လိုအပ်သောသက်သေခံချက်များ၏ သဘောသဘာဝနှင့်အတိုင်းအတာတို့ကိုဆုံးဖြတ်ရန် ၎င်း၏တရားစီရင်ရေးဥပဒေများ ၊ သက်သေခံချက်ဆိုင်ရာ ၎င်း၏ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းများကို အသုံးချသွားမည်ဖြစ်သည်။ တရားရုံးတော်သို့ အထောက်အကူပြုနိုင်သောသက်သေနှင့်သက်ဆိုင်သည့် ရင်းမြစ်များ၌ အောက်ပါတို့ပါဝင်ကြသည် -

က။ ယှဉ်ပြိုင်ဘက်များ၊ ဈေးကွက်သို့ဝင်ရောက်မည့်အလားအလာရှိသူများ၊ ရောင်းချသူများနှင့် ဝယ်ယူအားပေးသူများထံမှ သက်သေအထောက်အထားအပါအဝင် ဈေးကွက်၌ပါဝင်နေသူများနှင့် လေ့လာအကဲခတ်သူများထံမှ သက်သေခံချက်များ။

ခ။ ငွေစာရင်းများနှင့် အုပ်ချုပ်မှုဘုတ်အဖွဲ့ဆိုင်ရာမှတ်တမ်းစာရွက်စာတမ်းများကဲ့သို့ ရုံးတွင်းစာရွက်စာတမ်းများနှင့် လုပ်ငန်းမှတ်တမ်းများ။

ဂ။ စီးပွားရေးနှင့် လုပ်ငန်းကဏ္ဍပိုင်းဆိုင်ရာကျွမ်းကျင်သူများအပါအဝင် ကျွမ်းကျင်သူ၏သက်သေခံချက်။ ကျွမ်းကျင်သူသက်သေခံချက်အကြောင်းအရာအား CLIP Competition Primer on "Expert evidence" တွင် ပိုမို၍ အသေးစိတ်ဆွေးနွေးဖော်ပြထားပါသည်။

၅.၂ ဈေးကွက်လွှမ်းမိုးနိုင်မှုအပေါ်အကဲဖြတ်ရာ၌ တရားရုံးတစ်ရုံးသည် အခြေခံအားဖြင့် ဈေးကွက်ဝေစု၊ ဈေးကွက်ဝင်ရောက်မှုနှင့်တိုးချဲ့မှုအတွက် အဟန့်အတားများ ၊ တစ်ဖက်သတ်မဖြစ်အောင် မဲတင်းပေးနိုင်စွမ်းများကဲ့သို့ သက်ဆိုင်ရာဈေးကွက်၏ဖွဲ့စည်းပုံနှင့်သက်ဆိုင်သောသွယ်ဝိုက်သက်သေခံချက်များအပေါ်အမှီပြုရခြင်းမှာဖြစ်ရိုးဖြစ်စဉ်ဖြစ်ပါသည်။ တိုက်ရိုက်သက်သေခံချက်သည် သွယ်ဝိုက်သက်သေခံချက်အတွက် နောက်ဆက်တွဲပံ့ပိုးရာ၌မှီခိုအားထားနိုင်သော်လည်း ဈေးကွက်လွှမ်းမိုးနိုင်မှုကို ပြည့်စုံခိုင်လုံစွာသက်သေပြရန် ဖြစ်နိုင်ခြေသိပ်မရှိပါ။ ဥပမာအားဖြင့် လုပ်ငန်းတစ်ခု၏ အမြတ်အစွန်းရရှိမှုသက်သေသည် ဆက်စပ်အကြောင်းအရာဖြင့်သာ အသုံးဝင်မှုရှိပြီး အမျိုးမျိုးသော အဓိပ္ပါယ်ကောက်ယူချက်များကို ဖြစ်စေနိုင်ပါသည်။ သွယ်ဝိုက်သက်သေခံချက် / ယုံမှတ်နိုင်လောက်သော သက်သေခံချက်အား အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ CLIP CompetitionPrimer on "Circumstantial evidence" တွင် ပိုမို၍ အသေးစိတ်ဆွေးနွေးဖော်ပြထားပါသည်။

၅.၃ အချို့သောဖြစ်ရပ်များတွင် အားထားရလောက်သော တိုက်ရိုက်သက်သေခံချက်ဖြင့် ယှဉ်ပြိုင်မှုကိုဆန့်ကျင်သောအကျိုးသက်ရောက်မှု သို့မဟုတ် ဖြစ်နိုင်ခြေရှိသောအကျိုးသက်ရောက်မှုတို့ကို သက်သေပြနိုင်ပါသည်။ မည်သည့်သက်သေအထောက်အထားမျှ မရရှိသောအခါမျိုးတွင် တရားသူကြီးတစ်ဦးအနေဖြင့် ယုံမှတ်နိုင်လောက်သောသက်သေခံချက်နှင့် ကောက်ချက်ဆွဲရေး လုပ်ငန်းစဉ်တို့အပေါ် အမှီပြုနိုင်ပါသည်။ ဈေးကွက်လွှမ်းမိုးနိုင်မှုကိုသက်သေပြရန် အသုံးပြုသောသက်သေခံချက်နှင့် ရည်ရွယ်ချက် သို့မဟုတ် ဖြစ်နိုင်ခြေရှိသောအကျိုးသက်ရောက်မှုတို့ကို သက်သေပြရန် အသုံးပြုသောသက်သေခံချက်အကြား သိသာစွာထပ်တူကျနေခြင်းမျိုးမှာ ဖြစ်နေကျဖြစ်သည်။

၅.၄ ဖြစ်နိုင်ခြေရှိသော မည်သည့်နေရာတွင်မဆို အခြေအနေစီစဉ်ဖန်တီးယူသော အမှုအခင်းစီမံခန့်ခွဲမှုသည် တစ်ဖက်သတ်လုပ်ဆောင်ချက်ဆိုင်ရာအမှုများမှ ရှုပ်ထွေးများပြားလှသည့် သက်သေခံချက်များကို ကိုင်တွယ်ဖြေရှင်းနေရသော တရားသူကြီးများအတွက် အကျိုးရှိစေနိုင်ပါသည်။ တရားသူကြီးများအနေဖြင့် အငြင်းပွားစရာဖြစ်ဆဲကောက်ချက်များ ကျဉ်းမြောင်းသွားစေရန်၊ သက်သေခံချက်၏အတိုင်းအတာနှင့်ပုံစံအား ထိန်းချုပ်ရန်၊ အစဉ်လိုက်ကြားနာရာ၌ အထောက်အကူရစေရန် အမှုအခင်းဆိုင်ရာ မည်သည့်စီမံခန့်ခွဲရေးနည်းလမ်းများကို ရရှိနိုင်ကြောင်း စဉ်းစားကြရမည်ဖြစ်သည်။

## ၆။ ဈေးကွက်ဝေစုအပေါ်အခြေခံ၍ မှတ်ယူခြင်းများ

၆.၁ အချို့သောတရားစီရင်ပိုင်ခွင့်များတွင် လုပ်ငန်းတစ်ခုအနေဖြင့် ဈေးကွက်လွှမ်းမိုးနိုင်မှု သို့မဟုတ် ဈေးကွက်အင်အားကြီးမားမှု ရှိ/မရှိ ဆန်းစစ်သုံးသပ်ရာ၌ သက်ဆိုင်ရာနယ်ပယ်အစွန်းနစ်ဖက်စလုံးရှိ ဈေးကွက်ဝေစုအတိုင်းအတာအဆင့်များကို အသုံးပြုနိုင်ပါသည်။

၆.၂ လုပ်ဆောင်ချက်တစ်ခုသည် ဥပဒေချိုးဖောက်ရာမရောက်ဟု ပြဋ္ဌာန်းထားသည့် ဈေးကွက်ဝေစု (safe harbor market share) အောက်ရောက်သည့် ဈေးကွက်ဝေစုကို ပိုင်ဆိုင်ထားသော မည်သည့်လုပ်ငန်းမဆို ဈေးကွက်လွှမ်းမိုးနိုင်မှု သို့မဟုတ် ဈေးကွက်အင်အားကြီးမားမှု အနေအထားမရှိဟု ယူဆရမည်ဖြစ်ကြောင်း safe harbor market share ဈေးကွက်ဝေစုတစ်စုကို ပြဋ္ဌာန်းနိုင်ပါသည်။

၆.၃ ဈေးကွက်ဝေစုအတိုင်းအတာအဆင့်တစ်ဆင့်ထက်မြင့်သော ဈေးကွက်ဝေစုကို ပိုင်ဆိုင်ထားသည့် လုပ်ငန်းတစ်ခုသည် ဈေးကွက်လွှမ်းမိုးနိုင်မှု သို့မဟုတ် ဈေးကွက်အင်အားကြီးမားမှု ရှိနိုင်သည်ဟု ယူဆရမည်ဖြစ်ကြောင်း ဈေးကွက်ဝေစုအတိုင်းအတာအဆင့် (market share threshold) ကိုလည်း ပြဋ္ဌာန်းနိုင်ပါသည်။

၆.၄ ဈေးကွက်ဝေစုအပေါ်အခြေခံသော Safe harbor နှင့် threshold တို့သည် ခိုင်မာသော သို့မဟုတ် ပြန်လည်ချေပနိုင်သော မှတ်ယူချက်များကို ဖန်တီးနိုင်ကြပါသည်။ တရားစီရင်ပိုင်ခွင့်အများစုတွင် ထိုသို့သောမှတ်ယူချက်များသည် စည်းမျဉ်းတစ်ခုအဖြစ် ပြန်လည်ချေပနိုင်ကြသည်။ ဈေးကွက်ဝေစုများမှာ ဈေးကွက်အင်အားကို ခိုင်မာထင်ရှားစွာ ဖော်ပြနိုင်စွမ်းမရှိသော ထိရောက်မှု နည်းပါးသည့် တိုင်းတာချက်များဖြစ်သဖြင့် ဈေးကွက်အင်အားကြီးမားမှုအဆင့်များကို ဖန်တီးနေသော မှတ်ယူချက်များသည် အထူးတလည်အထောက်အထားဖြစ်သည်။ ထို့ကြောင့် ဈေးကွက်ဝေစုဆန်းစစ်သုံးသပ်မှုမှာ ယှဉ်ပြိုင်မှုဆိုင်ရာဆန်းစစ်သုံးသပ်ချက်အတွက် အသုံးဝင်သောပထမဆုံးအဆင့် ဖြစ်နိုင်သော်လည်း လုပ်ငန်းတစ်ခုတွင် မြင့်မားသည့်ဈေးကွက်ဝေစုရှိရုံသက်သက်ဖြင့် ကြီးမားသောဈေးကွက်အင်အားရှိကြောင်း ခိုင်မာသည့်သက်သေမဖြစ်သင့်ပါ။ ဥပမာအားဖြင့် ဈေးကွက်ဝေစု threshold ကို ကျော်လွန်နေခြင်းသည် မှန်ကန်ကြောင်းသက်သေပြရန်တာဝန်ကို ဥပဒေထိန်းကျောင်းသူထံမှ သက်ဆိုင်ရာလုပ်ငန်းထံသို့ရွှေ့ပြောင်းသွားစေခြင်းဖြင့် ဈေးကွက်အင်အား ကြီးမားမှုဆိုင်ရာပြန်လည်ချေပနိုင်သော မှတ်ယူချက်တစ်ခု ဖန်တီးပေးနိုင်ပါသည်။

## ၇။ ဈေးကွက်လွှမ်းမိုးနိုင်မှုအား မလျော်မကန်အသုံးချခြင်းဟု ယူဆနိုင်သောလုပ်ဆောင်ချက်

၇.၁ ဩစတြေးလျနိုင်ငံတွင် အောက်ပါကဲ့သို့လုပ်ဆောင်ချက်များကို ဈေးကွက်လွှမ်းမိုးနိုင်မှုအပေါ် အလွဲသုံးစားပြုခြင်းအဖြစ် တရားရုံးများက ဆုံးဖြတ်မည်ဖြစ်သည် -

က။ လက်လီကုန်စုံဆိုင်ကြီးတစ်ဆိုင်သည် ပေါင်မုန့်ရောင်းချသူများအနေဖြင့် ၎င်းတို့၏ ပေါင်မုန့်အား အနီးအနားရှိ ကိုယ်ပိုင်လက်လီကုန်စုံဆိုင်များ၌လည်း လျှော့ဈေးဖြင့် ရောင်းချမည်ဆိုပါက အဆိုပါပေါင်မုန့်ရောင်းချသူများနှင့် အရောင်းအဝယ်ပြုလုပ်ရန် ငြင်းဆန်ခဲ့သည်။ ဤသို့သောလုပ်ဆောင်ချက်သည် စားသုံးသူများထံသို့ ပေါင်မုန့်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကိုယ်ပိုင်ကုန်စုံဆိုင်များကို ကုန်စုံဆိုင်ကြီးများနှင့် ယှဉ်ပြိုင်ရန်အတွက် ပိုမို၍ ခက်ခဲသွားစေပါသည်။

ခ။ တိုက်ရိုက်တင်ဆက်သော ဖျော်ဖြေရေးအခမ်းအနားများအတွက် လက်မှတ်ရောင်းချပေးသူတစ်ဦးသည် ပြိုင်ဘက်တစ်ဦးက ရောင်းအားမြင့်တင်မှုပြုထားသည့် ဈေးလျှော့ထားသောလက်မှတ်များကို အနီးကပ်နောက်ဆုံးအချိန် လျှော့ဈေးဖြင့် လက်မှတ်ရောင်းချပေးရန် အခမ်းအနားစီစဉ်သူများ၏ တောင်းဆိုချက်ကို ငြင်းဆန်ခဲ့သည်။ ဤသို့သော လုပ်ဆောင်ချက်သည် ယှဉ်ပြိုင်သူမည်သူမဆိုအတွက် အနီးကပ်နောက်ဆုံးအချိန် ဈေးလျှော့ပေးထားသည့်လက်မှတ်များကို ကြည့်ရှုမည့်သူများထံသို့ ရောင်းချရန် ပိုမိုခက်ခဲသွားစေပါသည်။

ဂ။ ပိုးသတ်ဆေးအရည်များဈေးကွက်တွင် ဈေးကွက်လွှမ်းမိုးနိုင်မှုမရှိသော်လည်း ကျောက်ကပ်ဆေးအရည်များဈေးကွက်အတွင်း ဈေးကွက်လွှမ်းမိုးနိုင်မှုရှိသော ထုတ်လုပ်သူတစ်ဦးသည် အဆိုပါပစ္စည်းနှစ်မျိုးစလုံးအား ပူးတွဲဝယ်ယူရန်သဘောတူညီသည့်ဆေးရုံများကို လျှော့ဈေးဖြင့် ရောင်းချခဲ့သည်။ ဤသို့သောလုပ်ဆောင်ချက်သည် ကျောက်ကပ်ဆေးအရည်များရောင်းချနေသည့် အခြားသူများကို ဆေးရုံများသို့ယှဉ်ပြိုင်ရောင်းချရာ၌ ပိုမိုခက်ခဲသွားစေပါသည်။

## ၈။ အရေးယူမှုများနှင့်ကုစားမှုများ

၈.၁ အရေးယူမှုများနှင့် ကုစားမှုများအကြား အလွန်အရေးပါသည့်ခြားနားမှုရှိပါသည်။ အရေးယူမှုများဆိုသည်မှာ အနာဂတ်ကာလ၌ ဥပဒေနှင့်ဆန့်ကျင်သောလုပ်ဆောင်ချက်အား တားမြစ်ခြင်းဟု ဆိုလိုသည့်အပြင် အချို့သောတရားစီရင်ပိုင်ခွင့်များ၌လည်း ချိုးဖောက်သူများကို ၎င်းတို့၏ဥပဒေနှင့်မညီဘဲ ရရှိထားမှုများအား ပြန်ထုတ်ပေးစေရေးနှင့် ထိခိုက်နစ်နာသူများအားလျော်ကြေး ပေးအပ်စေရေးဟု ဆိုလိုပါသည်။ အရေးယူမှုများက ဥပဒေနှင့်ဆန့်ကျင်သောလုပ်ဆောင်ချက်အား ပြစ်ဒဏ်ချမှတ်သည့်

အခိုက် သို့မဟုတ် အပြစ်ပေးသည့်အခိုက်တွင် အဆိုပါလုပ်ဆောင်ချက်အား ကုစားမှုများက သက်သာစေသည်၊ တည့်မတ်ပေးသည် သို့မဟုတ် တားဆီးပေးပါသည်။ ထုံးစံအားဖြင့် ယှဉ်ပြိုင်မှုဥပဒေ ကုစားခွင့်ဟူသည် ချိုးဖောက်သူ၏ဥပဒေနှင့်မညီသောအပြုအမူ၊ ယင်း၏ယှဉ်ပြိုင်မှုဆန့်ကျင်ရေး အကျိုးသက်ရောက်မှုများနှင့် ယင်း၏အဖန်တလဲလဲ ပြန်လည်ပေါ်ပေါက်မှုတို့အား ရပ်တန့်ရန် ရည်မှန်းပြီး ယှဉ်ပြိုင်မှုလုပ်ငန်းစဉ်အား ပြန်လည်ထိန်းသိမ်းနိုင်ရန်လည်း ကြိုးပမ်းနိုင်ပါသည်။

၈.၂ ဈေးကွက်လွှမ်းမိုးနိုင်မှုအားအလွဲသုံးစားပြုမှုတစ်ရပ်အပေါ် ကျင့်သုံးနိုင်သော အရေးယူမှုများနှင့်ကုစားမှုများသည် သက်ဆိုင်ရာတရားစီရင်ပိုင်ခွင့်၏ ယှဉ်ပြိုင်မှုဥပဒေများအပေါ် မူတည်နေမည်ဖြစ်သည်။ အောက်ဖော်ပြပါ အရေးယူမှုများနှင့်ကုစားမှုအမျိုးအစားများအား ကျင့်သုံးနိုင်ပါသည်-

က။ **ဖွဲ့စည်းမှုပိုင်းဆိုင်ရာကုစားမှုများ** - ယှဉ်ပြိုင်နိုင်သောအနေအထားအထိ ဈေးကွက်အား ပြန်လည် ထိန်းသိမ်းရန် စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခု၊ သို့မဟုတ် တစ်စုံတစ်ရာပိုင်ဆိုင်မှုများရောင်းချခြင်းအတွက် အမိန့်ပေးညွှန်ကြားနိုင်သည်။

ခ။ **အပြုအမူပိုင်းဆိုင်ရာကုစားမှုများ** - ယှဉ်ပြိုင်မှုဆန့်ကျင်ရေးလုပ်ဆောင်ချက်အား ချုပ်ထိန်းရန်နှင့် အနာဂတ်ကာလအပြုအမူအတွက် လမ်းညွှန်ရန် အပြုအမူတစ်ရပ်အား ကန့်သတ်ခြင်း သို့မဟုတ် မဖြစ်မနေခိုင်းစေခြင်း အမိန့်ညွှန်ကြားချက်များ ပြုလုပ်နိုင်ပါသည်။

ဂ။ **ပြစ်ဒဏ်များ** - တရားဝင်အဖွဲ့အစည်းအားဖြစ်စေ သို့မဟုတ် တာဝန်ရှိလူပုဂ္ဂိုလ်များအားဖြစ်စေ ငွေဒဏ် သို့မဟုတ် ပြစ်မှုဆိုင်ရာအရေးယူမှုများ ချမှတ်နိုင်ပါသည်။

ဃ။ **ဆုံးရှုံးမှုအတွက်လျော်ကြေးများ** - တားမြစ်ထားသောလုပ်ဆောင်ချက်ကြောင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် လျော်ကြေးပေးအပ်မှုများနှင့် ရည်ညွှန်းပါ လုပ်ဆောင်ချက်ဖြင့် ရရှိသောအမြတ်အစွန်းများအား ပြန်ထုတ်ပေးစေခြင်း။

၈.၃ ချမှတ်ပေးသောသက်သာခွင့်အနေဖြင့် အချို့သောဖြစ်ရပ်များ၌ အရေးကြီးမှု၊ ပြင်းထန်မှုအပြင် ဥပဒေချိုးဖောက်ခြင်း၏ စီးပွားရေးအရထိခိုက်မှုများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အချို့သော တရားစီရင်ပိုင်ခွင့်များ၌ အချိုးညီမှုအယူအဆကို ယှဉ် ပြိုင်မှုဆိုင်ရာအာဏာပိုင်များနှင့် တရားရုံးများက ချမှတ်ပေးသည့် သက်သာခွင့်အနေဖြင့် ဈေးကွက်အတွင်းရှိ ယှဉ်ပြိုင်မှုဖြစ်စဉ်အတွင်း အလွန်အကျွံဝင်နှောင့်ခြင်းမျိုးမရှိကြောင်း သေချာစေရေး သို့မဟုတ် ယင်းကိုယ်တိုင် ဈေးကွက်အား ပျက်ယွင်းခြင်းမရှိရေး သေချာစေရန်အတွက် အသုံးပြုကြသည်။ အချိုးညီသော သက်သာခွင့်အတိုင်းအတာနှင့် ပုံစံတို့သည် ယှဉ်ပြိုင်မှုဥပဒေ၏ရည်မှန်းချက်များပြည့်ဝရန် လိုအပ်သည်ထက် ပိုလွန်မသွားသင့်ပါ။

၈.၄ တရားစီရင်ပိုင်ခွင့်အများစုက တရားရုံးများ သို့မဟုတ် ယှဉ်ပြိုင်မှုဆိုင်ရာအဖွဲ့အစည်းများကို ဖွဲ့စည်းမှုပိုင်းဆိုင်ရာကုစားမှုများနှင့် အပြုအမူပိုင်းဆိုင်ရာကုစားမှုများ နှစ်ခုစလုံးချမှတ်ပေးရန် အခွင့်အာဏာပေးကြသော်လည်း အချို့ကမူ ညီတူညီမျှထိရောက်သည့် အပြုအမူပိုင်းဆိုင်ရာ ကုစားမှုမရှိသောအခါ သို့မဟုတ် ထိုသို့အပြုအမူပိုင်းကုစားမှုတစ်ခုသည် ဖွဲ့စည်းမှုပိုင်းဆိုင်ရာကုစားမှုထက် လိုက်နာရန် ပို၍ခက်ခဲစေသောအခါမျိုး၌ ဖွဲ့စည်းမှုပိုင်းဆိုင်ရာကုစားမှုမျိုးကိုသာလျှင် ခွင့်ပြုတတ်ကြသည်။ အမှုအတော်များများတွင် ယှဉ်ပြိုင်မှုချိုးဖောက်ခြင်းအား ထိရောက်စွာအဆုံးသတ်ရန် အပြုအမူပိုင်းဆိုင်ရာကုစားမှုများမှာ လုံလောက်မှုရှိမည်ဖြစ်သည်။ သို့သော်လည်း အချို့သောအမှုများတွင် ထိရောက်မှုရှိသည့် သို့မဟုတ် ခက်ခဲမှုနည်းပါးသည့် တစ်ခုတည်းသောကုစားမှုမှာ ဖွဲ့စည်းမှုပိုင်းဆိုင်ရာကုစားမှု ဖြစ်ပါသည်။

## ၉။ ဆက်စပ်နေသောသတင်းအချက်အလက်ရင်းမြစ်များ

၉.၁ အောက်ပါသတင်းအချက်အလက်ရင်းမြစ်များသည် ဈေးကွက်အင်အားလွှမ်းမိုးနိုင်မှုအပေါ် အလွဲသုံးစားပြုမှုနှင့်သက်ဆိုင်သော နောက်ထပ်သတင်းအချက်အလက်များကို ပေးအပ်နိုင်ပါသည်။ အဆိုပါစာတမ်းများသည် အာဆီယံအဖွဲ့ ဝင်နိုင်ငံများမှ တရားသူကြီးများအတွက် အထွေထွေ ကိုးကားစရာအဖြစ် အသုံးဝင်နိုင်ပါသည်။


က။ OECDCompetition PolicyRoundtables, *Evidentiaryissuesin proving dominance*, 2006

ခ။ OECDCompetition PolicyRoundtables, *Remediesand sanctionsin abuseof dominance cases*,2006

ဂ။ OECDCompetition PolicyRoundtables, *Safe harbours and legal presumptionsincompetition law*,2017

ဃ။ International Competition Network, *Recommended practices on the assessemt of dominance/substantialmarketpower*

င။ InternationalCompetitionNetwork, *Unilateral conductworkbook*